# အခန်း ၁၄

## သက်သေခံအထောက်အထား နှင့် သတင်းအချက်အလက်များ သရုပ်ခွဲလေ့လာခြင်း

နိုင်ငံတကာ လုပ်ထုံးလုပ်နည်း
အပိုင်း ၆ – သက်သေခံအထောက်အထား နှင့် သတင်းအချက်အလက်များအား သရုပ်ခွဲလေ့လာခြင်း
စာမျက်နှာများ ၂၁၀-၂၂၉

*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*
*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# သင်တန်းရည်မှန်းချက်များ

အခြေခံသရုပ်ခွဲလေ့လာခြင်းဆိုင်ရာကျွမ်းကျင်မှုများကိုနားလည်ခြင်း – သက်သေခံအထောက်အထား များ ကို မည်သို့ စုစည်း၊ အကဲဖြတ် အားကောင်းစေမည်

မှတ်တမ်းတင်ခြင်းဆိုင်ရာမဟာဗျူဟာကို အချက်အလက်ပေးရန်အတွက် သတင်းအချက်အလက်တွင် ကွာဟမှုများကိုဖေါ်ထုတ်ရန်

ချိုးဖောက်မှုပုံစံများကို သတိပြုမိစေရန်နှင့် ဖေါ်ထုတ်ရန်


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

# သက်သေခံအထောက်အထား နှင့် သတင်းအချက်အလက်များအား သရုပ်ခွဲလေ့လာခြင်း

နိုင်ငံတကာ လုပ်ထုံးလုပ်နည်း၊ စာမျက်နှာများ ၂၁၃-၂၁၄
အခန်း ၄ – တဦးချင်းအလိုက် ပြစ်မှုဆိုင်ရာတာဝန် နှင့် အခန်း ၅ – နိုင်ငံတော်၏တာဝန်
အခန်း ၇ – ဘေးမဖြစ်စေရေး နှင့် အခန်း ၁၀ –သက်သေခံအထောက်အထားအမျိုးအစားများ
အခန်း ၁၁ – တွေ့ဆုံမေးမြန်းခြင်း နှင့် အခန်း ၁၂ – အပိုဆောင်း/နောက်တိုးသတင်းအချက်အလက်များစုဆောင်းခြင်း
နောက်ဆက်တွဲ ၁ –သက်သေခံအထောက်အထား လက်စွဲစာအုပ်

- သင်သည်CARSVကိုမှတ်တမ်းတင်ပါက၊ သင့်အနေဖြင့် **အခြေခံ သက်သေခံအထောက်အထား သရုပ်ခွဲလေ့လာခြင်းဆိုင်ရာကျွမ်းကျင်မှု**ကို အသုံးချနိုင်ရန် ဖြစ်ပြီး၊ စုဆောင်းရရှိသည့် သတင်းအချက်အလက်ကို မည်သို့ **စီစဉ်၊ အကဲဖြတ်၊ အားကောင်းစေ**ရမည်ကိုသိရမည်။

- သတင်းအချက်အလက်ကိုစုဆောင်းခြင်း နှင့် သရုပ်ခွဲလေ့လာခြင်းတို့သည် **အပြန်အလှန် အားကောင်းစေပြီး** - ၎င်းသည် **လုပ်ဆောင်ဆဲလုပ်ငန်းစဉ်**တခုဖြစ်သည် - လက်ရှိသက်သေခံအထောက်အထား ကိုသရုပ်ခွဲခြင်း မှ အပိုဆောင်းသတင်းအချက်အလက်စုဆောင်းစေရန် အသိပေး ပြီး ၎င်းမှထပ်မံသရုပ်ခွဲရန်လိုအပ်လာသည်။

- အကဲဖြတ်ခြင်း နှင့် သရုပ်ခွဲလေ့လာခြင်းတို့သည် **မှတ်တမ်းတင်ခြင်းဆိုင်ရာမဟာဗျူဟာ**ကို အသိပေးရန် မရှိမဖြစ်လိုအပ်သော်လည်း၊ **သက်သေခံအထောက်အထားဆိုင်ရာကွာဟမှုများ** နှင့် သတင်းအချက်အလက်များအားကောင်းသော ကျူးလွန်ခံရသူများ/ မျက်မြင်သက်သေများ နှင့် **မလိုလားအပ်သောတွေ့ဆုံမေးမြန်းခြင်းများ**ကို ရှောင်ရှားပါ။



*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# သက်သေခံအထောက်အထား နှင့် သတင်းအချက်အလက်များအား သရုပ်ခွဲလေ့လာခြင်း






© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

# CARSV သတင်းအချက်အလက်များအား သရုပ်ခွဲလေ့လာခြင်း အဓိကအဆင့်များ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း၊ စာမျက်နှာများ ၂၁၃-၂၁၄
အခန်း ၁၁ – တွေ့ဆုံမေးမြန်းခြင်း နှင့် အခန်း ၁၂ –
အပိုဆောင်း/နောက်တိုးသတင်းအချက်အလက်များစုဆောင်းခြင်း
နောက်ဆက်တွဲ ၁ – သက်သေခံအထောက်အထား လက်စွဲစာအုပ်

တွေ့ဆုံမေးမြန်းမှုတခုစီအပြီးနှင့် အခြား CARSV သတင်းအချက်အလက်များစုဆောင်းမှုအပြီးတွင်၊ သင့်အနေဖြင့် **အခြေအနေကိုအကဲဖြတ်ပြီး** အောက်ပါ**အဆင့်များ** ကို ထည့်သွင်းစဉ်းစားသင့်သည် -

**1. သတင်းအချက်အလက် အကဲဖြတ်ခြင်း**

- **ခိုင်မာမှု နှင့် တရားဝင်မှု** အတွက် သတင်းအချက်အလက်ကို **စစ်ဆေးပါ** - အရင်းအမြစ်သည် ခိုင်လုံစိတ်ချရသလား? သတင်းအချက်အလက်သည် မှန်ကန်သလား?

**2. အစိတ်အပိုင်း/အင်္ဂါရပ်များကို ဖေါ်ထုတ်ခြင်း**

- သက်သေခံအထောက်အထား လက်စွဲစာအုပ်ဖြင့် သတင်းအချက်အလက်ကိုမြေပုံဆွဲပါ– မည်သည့်**အစိတ်အပိုင်း/အင်္ဂါရပ်များ**ကိုပြည့်မှီခဲ့သနည်း? မည်သည်တို့က **ကွာဟမှုများ**ဖြစ်သည်?
- ချိုးဖောက်မှုများကို **အမျိုးအစားခွဲပါ**

နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ
© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# CARSV သတင်းအချက်အလက်များအား သရုပ်ခွဲလေ့လာခြင်း အဓိကအဆင့်များ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာများ ၂၁၃-၂၁၄
အခန်း ၁၁ – တွေ့ဆုံမေးမြန်းခြင်း နှင့် အခန်း ၁၂ – အပိုဆောင်း/နောက်တိုးသတင်းအချက်အလက်များစုဆောင်းခြင်း
နောက်ဆက်တွဲ ၁ – သက်သေခံအထောက်အထား လက်စွဲစာအုပ်

တွေ့ဆုံမေးမြန်းမှုတခုစီအပြီးနှင့် အခြား CARSV သတင်းအချက်အလက်များစုဆောင်းမှုအပြီးတွင်၊ သင့်အနေဖြင့် **အခြေအနေကိုအကဲဖြတ်ပြီး** အောက်ပါ**အဆင့်များ** ကို ထည့်သွင်းစဉ်းစားသင့်သည် -

**3. သတင်းအချက်အလက်ကို အားကောင်းစေခြင်း**

- သင်၏အမှုအား **အားကောင်းစေရန် အတည်ပြုနိုင်မာစေသည့်** သက်သေခံအထောက်အထား/ အပိုဆောင်း သတင်းအချက်အလက်ကိုရှာပါ၊ အသေးစိတ်အချက်အလက်များနှင့် နောက်ခံအခြေအနေ ကိုထည့်သွင်းပါ။

**4. ပုံစံများကိုဖေါ်ထုတ်ခြင်း**

- ကျူးလွန်ခံရသူများ/ကျူးလွန်သူများ/ ချိုးဖောက်မှုများ/ လုပ်နည်းလုပ်ဟန်/ အချိန်/ နေရာများအကြား **ဆက်စပ်မှုများ** နှင့် **တူညီမှုများ** ကို ရှာဖွေပါ။


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# A. သတင်းအချက်အလက်များအား အကဲဖြတ်ခြင်း - အထွေထွေသဘောတရားများ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၂၁၅
အခန်း ၁၀ –သက်သေခံအထောက်အထားအမျိုးအစားများ
အခန်း ၁၁ – တွေ့ဆုံမေးမြန်းခြင်း နှင့် အခန်း ၁၂ – အပိုဆောင်း/နောက်တိုးသတင်းအချက်အလက်များစုဆောင်းခြင်း

- သင့်အနေဖြင့် **ခိုင်မာမှု နှင့် တရားဝင်မှု** အတွက် စုဆောင်းထားသည့် CARSV သတင်းအချက်အလက်များ အားလုံးကိုအကဲဖြတ်ရမည် -

    1. ခိုင်မာမှု - အရင်းအမြစ်သည်စိတ်ချရသလား?
    2. တရားဝင်မှု - သတင်းအချက်အလက်သည် မှန်ကန်သလား/ ၎င်းသည် အမှန်တရားကို ထင်ဟပ်သလား?

- ၎င်း ကို **သီးခြား** လုပ်ဆောင်ပါ - အရင်းအမြစ်တခုသည် ခိုင်မာသော်လည်း မမှန်ကန်သော သတင်းအချက်အလက်ကိုပေးနိုင်သည် (ဥပမာ - ရိုးသားသော သက်သေတဦးသည် အခြားတိုက်ခိုက်မှု တခုနှင့် ပတ်သက်နေသော ကျူးလွန်သူတဦးအား မှားယွင်းပြီး ဖေါ်ထုတ်နိုင်သည်)

- သက်သေခံအထောက်အထား နှင့် မိမိ၏အလုပ်မှတ်တမ်း/ အကဲဖြတ်ချက်မှတ်စုများ ကို ခွဲထားပြီး မိမိကိုယ်ကို ထွက်ဆိုချက်ဆိုင်ရာသတင်းအချက်အလက် အားအကဲဖြတ်ခြင်း ထိသာ ကန့်သတ်ထားပါ - သတင်းအချက်အလက်အခြားအမျိုးအစားများ ကိုအကဲဖြတ်ခြင်းသည် များသောအား’ဖြင့် မှုခင်းဆေးပညာရှင်အဆင့်ကျွမ်းကျင်မှုလိုအပ်သည်။




© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# A. ထွက်ဆိုချက်ဆိုင်ရာ သတင်းအချက်အလက်များအား အကဲဖြတ်ခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာများ ၂၁၆-၂၁၉
အခန်း ၁၁ – တွေ့ဆုံမေးမြန်းခြင်း နှင့် အခန်း ၁၅ - စိတ်ဒဏ်ရာ
အခန်း ၁၆ ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

အရင်းအမြစ်များ၏ခိုင်မာမှု နှင့် သတင်းအချက်အလက်များ၏ တရားဝင်မှုတို့ကို အကဲဖြတ်ရာတွင် သင့်အနေဖြင့် အောက်ပါတို့ကိုထည့်သွင်းစဉ်းစားသင့်သည် -

| **အရင်းအမြစ်များ၏ခိုင်မာမှု** | **သတင်းအချက်အလက်များ၏တရားဝင်မှု** |
|---|---|
| • **မည်သူ**ကထွက်ဆိုချက်ပေးခဲ့သနည်း? နိုင်ငံရေး၊ လူမှုရေး သို့မဟုတ် အခြားအုပ်စုတခုခုနှင့် ၄င်းတို့၏ ပတ်သက်ဆက်နွယ်မှု<br>• ၄င်းတို့၏သက်သေထွက်ဆိုမှု**စွမ်းရည်** သည် မည်သို့ရှိသည် - ဥပမာ - ကျူးလွန်ခံရသူ၊ မျက်မြင်သက်သေ၊ ကျွမ်းကျင်သူသက်သေ၊ ပံ့စံသက်သေ?<br>• ၄င်းတို့၏ **စေ့ဆော်မှုများ** သည်မည်သည်တို့ဖြစ်သနည်း | • သင့်အနေဖြင့် **မှန်ကန်မှု** အတွက် အချက်များကို စစ်ဆေးနိုင်သလား?<br>• သတင်းအချက်အလက် သည် **အသေးစိတ်ပြီး ဖြစ်နိုင်**သလား?<br>• အချိန်ဇယားတွင် **ရှေ့နောက်မညီမှုများ/ ကွဲလွဲမှုများ/ ကွာဟမှုများ** ရှိသလား?<br>• ၄င်းတို့ကို သင် **ရှင်းပြနိုင်**သလား? |

# A. ထွက်ဆိုချက်ဆိုင်ရာ သတင်းအချက်အလက်များအား အကဲဖြတ်ခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာများ ၂၁၇-၂၁၉
အခန်း ၁၁ – တွေ့ဆုံမေးမြန်းခြင်း နှင့် အခန်း ၁၅ - စိတ်ဒဏ်ရာ
အခန်း ၁၆ ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

## ရှေ့နောက်မညီမှုများကိုကိုင်တွယ်ဖြေရှင်းခြင်း

- ဖြစ်ပျက်ခဲ့သည်နှင့်ပတ်သက်ပြီး တဦးချင်းအလိုက်ထွက်ဆိုမှုများအတွင်း ကွဲလွဲမှုများ (ဥပမာ - အချိန်၊ နေရာ၊ ရှိနေသည့်လူအရေအတွက်) များသည် အဖြစ်များပါသည် - ထွက်ဆိုချက်တခုသည် အခြားထွက်ဆိုချက်များ သို့မဟုတ် တူညီသောဖြစ်စဉ်မှစုဆောင်းခဲ့သော သတင်းအချက်အလက် နှင့် ကွဲလွဲနိုင်သည်၊ သို့သော် ၄င်းသည် မခိုင်မာဟု သေချာပေါက်မဆိုလိုပါ။

- တခါတရံတွင်၊ ၄င်းသည် အမှန်စင်စစ် အမှန် ဖြစ်နေချိန်တွင်ပင်၊ သတင်းအချက်အလက်သည် အဓိပ္ပာယ်ရှိသည်ဟု မထင်ရ သို့မဟုတ် ဖြစ်စဉ်များ၏အစဉ်သည် ကျွန်ုပ်တို့အတွက် ထူးဆန်းနေနိုင်သည်။

ရှေ့နောက်ကွဲလွဲမှုများ နှင့် ဝိရောဓိဖြစ်မှုများမှ သက်သေသည် **လိမ်နေသည် သို့မဟုတ် မရိုးသားဟု သို့မဟုတ် သတင်းအချက်အလက် သည် မယုံကြည်ရဟု သေချာပေါက် မဆိုလို(မကြာခဏမဆိုလို)ပါ။**

# A. ထွက်ဆိုချက်ဆိုင်ရာ သတင်းအချက်အလက်များအား အကဲဖြတ်ခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာများ ၂၁၇
အခန်း ၁၁ – တွေ့ဆုံမေးမြန်းခြင်း နှင့် အခန်း ၁၅ - စိတ်ဒဏ်ရာ
အခန်း ၁၆ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

ရှေ့နောက်မညီမှုအမျိုးအစားများတွင်အောက်ပါတို့ပါဝင်နိုင်သည် -

- မတူကွဲပြားသော ရှုထောင့်အမြင်များ
- အချက်အလက် ဆိုင်ရာ အမှားများ
- မှသားများ/ အမှန်တဝက်- အမှားတဝက်များ
- ချန်လှပ်ထားမှုများ
- ပုံကြီးချဲ့မှုများ
- မတိကျသော အသေးစိတ် အချက်အလက်များ
- ဝိရောဓိဖြစ်နေသော ထွက်ဆိုချက်
- တိုက်ရိုက်/တဆင့် စကား ရောနေသော သတင်းအချက်အလက်


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈

# A. ထွက်ဆိုချက်ဆိုင်ရာသတင်းအချက်အလက်များအား အကဲဖြတ်ခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာများ ၂၁၇-၂၁၉
အခန်း ၁၁ – တွေ့ဆုံမေးမြန်းခြင်း နှင့် အခန်း ၁၅ - စိတ်ဒဏ်ရာ
အခန်း ၁၆ ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

## ရှေ့နောက်မညီမှုများကိုကိုင်တွယ်ခြင်း

- အချို့သော ရှေ့နောက်မညီမှုများသည် မျှော်လင့်ထားရမည်ဖြစ်သည် - သို့သော် ၄င်းတို့ကို ဖေါ်ထုတ်၊ ကိုင်တွယ်၊ ဖြေရှင်းရမည်။

- သင့်အနေဖြင့် သက်သေများကို အရေးကြီးသောရှေ့နောက်မညီမှုများအား ရှင်းလင်းရာတွင်ပါဝင်စေသင့်သည် - ၄င်းတို့အနေဖြင့် ဖြေရှင်းချက်တခု သို့မဟုတ် ၄င်းတို့၏အဆိုများကို ပံ့ပိုးပေးနိုင်သော အခြား သတင်းအချက်အလက်များကို ပေးနိုင်သည်။

- သင့်အနေဖြင့် ရှေ့နောက်မညီမှုများကို တွေ့ရှိသည်နှင့် မြန်နိုင်သမျှအမြန်ဆုံး ၄င်းတို့ကို ကိုင်တွယ်ဖြေရှင်းပါ - ၄င်းသည် တွေ့ဆုံမေးမြန်းမှု၏အဆုံးတွင် ဖြစ်နိုင်ပြီး၊ ရလဒ်ကြောင့် သက်သေထံသို့ပြန်သွားရန် လိုအပ်နိုင်သည်။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

# A. ထွက်ဆိုချက်ဆိုင်ရာ သတင်းအချက်အလက်များအား အကဲဖြတ်ခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာများ ၂၁၇-၂၁၉
အခန်း ၁၁ – တွေ့ဆုံမေးမြန်းခြင်း နှင့် အခန်း ၁၅ - စိတ်ဒဏ်ရာ
အခန်း ၁၆ ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

**<u>ရှေ့နောက်မညီမှုများကိုကိုင်တွယ်ခြင်း</u>**

CARSV အမှုများတွင် ရှေ့နောက်မညီမှုများသည် အောက်ဖော် ပြပါအချက်များမှဖြစ်နိုင်သည် -

| | | | |
|---|---|---|---|
| ယဉ်ကျေးမှုဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများ/ နားလည်မှုလွဲခြင်းများ | နိုင်ငံရေး ကိစ္စ/ ပတ်သက်ဆက်နွယ် | အကူအညီ လက်လှမ်းမှီ ရရှိသဖြင့် မှားယွင်းသော ပြောဆိုချက်များကို စေ့ဆော်မှု | စိတ်ဒဏ်ရာ၊ ကောင်းစွာပြန်မမှတ်မိခြင်း |
| လက်တုံ့ပြန်မှုကို ကြောက်ရွံ့၍ ချန်လှပ်ထားမှုများ | ရှက်စိတ်၊ စိတ်ကသိက အောက် ဖြစ်ခြင်း၊ ရေငုံနှုတ်ပိတ်နေခြင်း၊ ခြိမ်းခြောက်ခံရခြင်း | အခြားသူများနှင့် ဆွေးနွေးခြင်းမှ ဖြစ်စဉ်ကို လွှမ်းမိုးမှု - ကလေးသူငယ်များ | ညံ့ဖျင်းသော အဓိပ္ပါယ်ကောက်ယူမှု/ တွေ့ဆုံမေးမြန်းမှု - ကလေးသူငယ်များ |


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# A. စာရွက်စာတမ်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ နှင့် ဒီဂျီတယ် သတင်းအချက်အလက်ကို အကဲဖြတ်ခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာများ ၂၁၇-၂၁၉
အခန်း ၁၀ –သက်သေခံအထောက်အထားအမျိုးအစားများ
နှင့် အခန်း ၁၂ – အပိုဆောင်း/နောက်တိုးသတင်းအချက်အလက်များစုဆောင်းခြင်း



- စာရွက်စာတမ်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ နှင့် ဒီဂျီတယ် သက်သေခံအထောက်အထားများ ၏ ခိုင်မာမှု နှင့် တရားဝင်မှုကို အကဲဖြတ်ခြင်း သည် ရှုပ်ထွေးနိုင်ပြီး၊ များသောအားဖြင့် မှုခင်းဆေးပညာဆိုင်ရာကျွမ်းကျင်သူများ သို့မဟုတ် အခြားလေ့ကျင့်ထားသော ကျွမ်းကျင်သူပညာရှင်များ - လက်နက်ခဲယမ်း/ဒီဂျီတယ်ကျွမ်းကျင်ပညာရှင်များ၊ သမိုင်းပညာရှင်များ စသည်တို့မှ လုပ်ဆောင်သည်။

- ထိုကဲ့သို့ ဆိုထားသော်လည်း၊ သင့်အနေဖြင့် သက်သေခံအထောက်အထား အပိုင်းအစတခုအား အခြေခံသာမန်အကဲဖြတ်ခြင်းကို ဆောင်ရွက်နိုင်သည်။
  (i) မှန်ကန်မှု - အရင်းအမြစ်၏စိတ်ချရမှု၊ ထိန်းသိမ်းမှုကွင်းစက်ကိုစစ်ဆေးခြင်း၊ အလားတူ စာရွက်စာတမ်းများ/ ပစ္စည်းများနှင့် နှိုင်းယှဉ်ခြင်း
  (ii) စိတ်ချရမှု - သတင်းအချက်အလက်ကိုမည်သူကပေးခဲ့သည်/ မည်သည့်နေရာတွင်တည်ရှိသည်/ ကျန်သတင်းအချက်အလက်များနှင့် မည်သို့ကိုက်ညီသည်


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# A. စာရွက်စာတမ်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ နှင့် ဒီဂျီတယ် သတင်းအချက်အလက်ကို အကဲဖြတ်ခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၂၂၀
အခန်း ၁၀ –သက်သေခံအထောက်အထားအမျိုးအစားများ
နှင့် Module ၁၂ – အပိုဆောင်း/နောက်တိုးသတင်းအချက်အလက်များစုဆောင်းခြင်း

ဒီဂျီတယ်သက်သေခံအထောက်အထားများကိုစိစစ်အတည်ပြုခြင်းအတွက် အဓိကအဆင့်များ

1. အကြောင်းအရာကိုသင်မည်သို့ရရှိခဲ့သနည်း? ဘယ်နှကြိမ်လက်ပြောင်းလက်လွှဲလုပ်ခဲ့သနည်း?

2. အကြောင်းအရာကိုမည်သူကဖန်တီးခဲ့သနည်း? ၎င်းကို မျှဝေခဲ့သည့်/ တင်ခဲ့သည့်သူလား သို့မဟုတ် အခြားတဦးလား?

3. အကြောင်းအရာသည်မည်သည့်နေရာကလာသနည်း? ထိုနေရာတွင် မြင်သာသော အထင်ကရအဆောက်အအုံရှိသလား? နေရာတခုကို စိစစ်အတည်ပြုရာတွင် အထောက်အကူပြုရန် သီးခြားအသံများ/ ဘာသာစကားများ?

4. အကြောင်းအရာကို ဘယ်အချိန်ကဖန်တီးခဲ့သနည်း? အမြင်ပိုင်းဆိုင်ရာသဲလွန်စများရှိသလား? ပြောင်းပြန်ပုံရိပ်ရှာဖွေခြင်းတခုကိုကြိုးစားကြည့်ပါ။

5. အကြောင်းအရာကို မည်သည့်အတွက်ကြောင့် ဖန်တီးခဲ့/ မျှဝေခဲ့သနည်း? တင်သူတွင်မည်သည့် အကျိုးစီးပွားများရှိသနည်း?


*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*
*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ၊ ၂၀၁၈*

# B. အစိတ်အပိုင်း/အင်္ဂါရပ်များကို ဖေါ်ထုတ်ခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း၊ စာမျက်နှာများ ၂၂၁-၂၂၃
အခန်း ၄ – တဦးချင်းအလိုက် ပြစ်မှုဆိုင်ရာတာဝန် နှင့် အခန်း ၅ – နိုင်ငံတော်၏တာဝန်
အခန်း ၁၁ – တွေ့ဆုံမေးမြန်းခြင်း နှင့်
အခန်း ၁၂ – အပိုဆောင်း/နောက်တိုးသတင်းအချက်အလက်များစုဆောင်းခြင်း
နောက်ဆက်တွဲ ၁ – သက်သေခံအထောက်အထား လက်စွဲစာအုပ်

သတင်းအချက်အလက်ကို စုဆောင်းပြီး အကဲဖြတ်ပြီးသောအခါ (**အဆင့် ၁**)၊ သင့်အနေဖြင့် မည်သည့် CARSV ရာဇဝတ်မှု သို့မဟုတ် ချိုးဖောက်မှု သည် ဖေါ်ထုတ်ရန် သက်သေခံအထောက်အထားအလုံအလောက်ရှိသည် နှင့် မည်သည့် အပိုဆောင်း/နောက်တိုးအထောက်အထားများ ရှိပါကလိုအပ်မည်ကို အကဲဖြတ်သင့်သည် **(အဆင့် ၂)**





*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# B. အစိတ်အပိုင်း/အင်္ဂါရပ်များကို ဖေါ်ထုတ်ခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း၊ စာမျက်နှာများ ၂၂၁-၂၂၃
အခန်း ၄ – တဦးချင်းအလိုက် ပြစ်မှုဆိုင်ရာတာဝန် နှင့် အခန်း ၅ – နိုင်ငံတော်၏တာဝန်
အခန်း ၁၁ – တွေ့ဆုံမေးမြန်းခြင်း နှင့်
အခန်း ၁၂ – အပိုဆောင်း/နောက်တိုးသတင်းအချက်အလက်များစုဆောင်းခြင်း
နောက်ဆက်တွဲ ၁ – သက်သေခံအထောက်အထား လက်စွဲစာအုပ်

- CARSV ရာဇဝတ်မှုများ သို့မဟုတ် ချိုးဖောက်မှုများ၏ အစိတ်အပိုင်း/အင်္ဂါရပ်များ၊ ၎င်းတို့၏လိုအပ်ချက်/ပြဋ္ဌာန်းချက်များ၊ စုဆောင်းထားသည့်သတင်းအချက်အလက် အပိုင်းအစများနှင့် ဖြစ်နိုင်ခြေရှိသောကွာဟမှုများကို မြေပုံဆွဲရန်အတွက် **သက်သေခံ အထောက်အထားမှတ်တမ်းစာအုပ်** ကိုအသုံးပြုပါ - **မည်သည့် သက်သေခံ အထောက်အထား ဆိုင်ရာကွာဟမှုမှ မချန်ခဲ့ပါနှင့်။**

- သင့်အနေဖြင့် **ခိုင်မာပြီး စနစ်ကျသော နည်းစနစ်တခု** ကို မလိုက်နာပါက၊ သင့်အနေဖြင့် အစိတ်အပိုင်း/အင်္ဂါရပ်အချို့ကို ကျော်သွားနိုင်ပြီး သင်၏အမှုကိုသက်သေပြနိုင်မည်မဟုတ်ပါ။


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# C. သက်သေခံအထောက်အထားကို အားကောင်းစေခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၂၄
အခန်း ၄ – တဦးချင်းအလိုက် ပြစ်မှုဆိုင်ရာတာဝန် နှင့်
အခန်း ၁၀ –သက်သေခံအထောက်အထားအမျိုးအစားများ
အခန်း ၁၁ – တွေ့ဆုံမေးမြန်းခြင်း နှင့်
အခန်း ၁၂ – အပိုဆောင်း/နောက်ထပ်တိုးသတင်းအချက်အလက်များစုဆောင်းခြင်း
နောက်ဆက်တွဲ ၁ – သက်သေခံအထောက်အထား လက်စွဲစာအုပ်

- ပေးထားသည့် ရာဇဝတ်မှု/ ချိုးဖောက်မှု တခုခု၏ အစိတ်အပိုင်း/အင်္ဂါရပ်များပြည့်မီရန် သင့်တွင် လုံလောက်သော သက်သေခံအထောက်အထားရှိပါက (**အဆင့် ၂**)၊ သင့်အနေဖြင့် အပိုဆောင်းသတင်းအချက်အလက်များကို စုဆောင်းခြင်းဖြင့် သင့်အမှု၏ **ခိုင်မာမှု နှင့် ခိုင်လုံမှု** ကို အားကောင်းစေနိုင်သည် (**အဆင့် ၃**)

**အဆင့် ၁**
သတင်းအချက်အလက်ကို အကဲဖြတ်ခြင်း

**အဆင့် ၂**
အစိတ်အပိုင်း/အင်္ဂါရပ်များ ကို ဖေါ်ထုတ်ခြင်း

**အဆင့် ၃** သက်သေခံ အထောက်အထားကို အားကောင်းစေခြင်း

*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*
*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# C. သက်သေခံအထောက်အထားကို အားကောင်းစေခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း၊ စာမျက်နှာ ၂၄
အခန်း ၄ – တဦးချင်းအလိုက် ပြစ်မှုဆိုင်ရာတာဝန် နှင့်
အခန်း ၁၀ –သက်သေခံအထောက်အထားအမျိုးအစားများ
အခန်း ၁၁ – တွေ့ဆုံမေးမြန်းခြင်း နှင့်
အခန်း ၁၂ – အပိုဆောင်း/နောက်တိုးသတင်းအချက်အလက်များစုဆောင်းခြင်း
နောက်ဆက်တွဲ ၁ – သက်သေခံအထောက်အထားမှတ်တမ်းစာအုပ်

- သင့်အနေဖြင့် **ကျူးလွန်ခံရသူတဦး၏ထွက်ဆိုချက်အား ဆက်စပ်အတည်ပြုခြင်း** နှင့် **နောက်ခံအခြေအနေ**ကိုဖေါ်ပြရန် နှင့် **ခိုင်လုံသောဖြေရှင်းချက်များ**ပေးရန်အတွက် အပိုဆောင်း/နောက်တိုးသတင်းအချက်အလက်များပေးခြင်းဖြင့် အမှုတခုကို အားကောင်းစေရန် အပိုဆောင်း/နောက်တိုးသတင်းအချက်အလက်များကို စုဆောင်းနိုင်ပါသည်။

ဆက်စပ်
အတည်ပြုခြင်း

+

နောက်ခံ အခြေအနေ
ဆိုင်ရာ သတင်းအချက်
အလက်

=

ပိုမိုအားကောင်း သော
သက်သေခံ
အထောက်အထား


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# C. သက်သေခံအထောက်အထားကို အားကောင်းစေခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း၊ စာမျက်နှာ ၂၄
အခန်း ၄ – တဦးချင်းအလိုက် ပြစ်မှုဆိုင်ရာတာဝန် နှင့်
အခန်း ၁၀ –သက်သေခံအထောက်အထားအမျိုးအစားများ
အခန်း ၁၁ – တွေ့ဆုံမေးမြန်းခြင်း နှင့်
အခန်း ၁၂ – အပိုဆောင်း/နောက်တိုးသတင်းအချက်အလက်များစုဆောင်းခြင်း
နောက်ဆက်တွဲ ၁ – သက်သေခံအထောက်အထားမှတ်တမ်းစာအုပ်

## ဆက်စပ်အတည်ပြုခြင်း

- ကျူးလွန်ခံရသူတဦး၏ထွက်ဆိုချက်အား ဆက်စပ်အတည်ပြုခြင်းသည် နိုင်ငံတကာဥပဒေအောက်တွင် မလိုအပ်သော်လည်း ပြည်တွင်းဥပဒေအောက်တွင် လိုအပ်ချက်တခုဖြစ်နိုင်သည်။
- ဆက်စပ်အတည်ပြုခြင်းသည် သက်သေထွက်ဆိုချက် သို့မဟုတ် အခြားသက်သေခံအထောက်အထား (စာရွက်စာတမ်းဆိုင်ရာ၊ ဒီဂျီတယ်၊ ရုပ်ပိုင်းဆိုင်ရာ/ မှုခင်းဆေးပညာဆိုင်ရာ) ပုံစံဖြင့်ဖြစ်နိုင်သည်။
- ဆက်စပ်အတည်ပြုခြင်းသည် အမှုတခုကိုအမြဲအားကောင်းစေနိုင်သည် - လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၏လုပ်ရပ် ကို သင့်အနေဖြင့်ဆက်စပ်အတည်မပြုနိုင်လျှင်ပင်၊ ကျူးလွန်ခံရသူ၏ဖြစ်စဉ်များ ၏ timeline၊ တိုက်ခိုက်မှု မခံရခင်နှင့်တိုက်ခိုက်မှုခံရအပြီးငြင်းတို့၏လှုပ်ရှားမှုများနှင့်အပြုအမူများကို အတည်ပြုနိုင်သည်။

# C. သက်သေခံအထောက်အထားကို အားကောင်းစေခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၂၄
အခန်း ၄ – တဦးချင်းအလိုက် ပြစ်မှုဆိုင်ရာတာဝန် နှင့်
အခန်း ၁၀ –သက်သေခံအထောက်အထားအမျိုးအစားများ
အခန်း ၁၁ – တွေ့ဆုံမေးမြန်းခြင်း နှင့်
အခန်း ၁၂ – အပိုဆောင်း/နောက်တိုးသတင်းအချက်အလက်များစုဆောင်းခြင်း
နောက်ဆက်တွဲ ၁ – သက်သေခံအထောက်အထားမှတ်တမ်းစာအုပ်

## နောက်ခံအခြေအနေဆိုင်ရာသတင်းအချက်အလက်

- သင့်အနေဖြင့် သင်၏အမှုအား ခေါင်းစဉ်အမျိုးမျိုးအပေါ် ခိုင်လုံသောဖြေရှင်းချက်များ (ဓလေ့ထုံးစံများ၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ဖော်ပြရန် သီးခြားစကားလုံးများ၊ စစ်ဘက်ဆိုင်ရာစစ်ဆင်ရေးများ ဆောင်ရွက်ပုံ) ပေးနိုင်သည့် ကျွမ်းကျင်သူများ၏ ထွက်ဆိုချက်ဖြင့် လည်း အားကောင်းစေနိုင်သည်။
- သီးခြားနောက်ခံအခြေအနေ၊ နိုင်ငံ နှင့် လူဦးရေ တခုကို နားလည်စေရာတွင် အထောက်အကူ ပြုနိုင်ရန် အတွက် သင့်အနေဖြင့် ကျွမ်းကျင်သူများ၊ အစီရင်ခံစာများ နှင့် အခြား ယုံကြည်စိတ်ချရပြီးခိုင်လုံသော စာရွက်စာတမ်းဆိုင်ရာ၊ ဒီဂျီတယ် သက်သေခံအထောက်အထားများကို ပေးအပ်နိုင်သည်။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# D. ပုံစံများကိုဖေါ်ထုတ်ခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာများ ၂၄-၂၉
အခန်း ၄ – တဦးချင်းအလိုက် ပြစ်မှုဆိုင်ရာတာဝန်
နောက်ဆက်တွဲ ၁ – သက်သေခံအထောက်အထားမှတ်တမ်းစာအုပ်

**အဆင့် ၁** သတင်းအချက်အလက် ကို အကဲဖြတ်ခြင်း

**အဆင့် ၂** အစိတ်အပိုင်း/အင်္ဂါရပ် များ ကို ဖေါ်ထုတ်ခြင်း

**အဆင့် ၃** သက်သေခံ အထောက်အထား ကို အားကောင်းစေခြင်း

**အဆင့် ၄** ပုံစံများကို ဖေါ်ထုတ်ခြင်း

- အလားအလာရှိသောပုံစံများ ကို ဖေါ်ထုတ်ခြင်းသည် သက်သေခံအထောက်အထားများ သရုပ်ခွဲလေ့လာခြင်းလုပ်ငန်းစဉ်၏'နောက်ဆုံးအဆင့်ဖြစ်သည် (**အဆင့် ၄**) - သင့်အနေဖြင့် ရာဇဝတ်မှုများ/ချိုးဖောက်မှုများသည် သီးခြားဖြစ်စဉ်များ ဟုတ်မဟုတ် သို့မဟုတ် ၄င်းတို့သည် အခြားအလားတူဖြစ်စဉ်များနှင့် တူညီသောဝိသေသလက္ခဏာများရှိမရှိ ဖေါ်ထုတ်ရမည်။


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# D. ပုံစံများကိုဖေါ်ထုတ်ခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာများ ၂၄-၂၉
အခန်း ၄ – တဦးချင်းအလိုက် ပြစ်မှုဆိုင်ရာတာဝန်
နောက်ဆက်တွဲ ၁ – သက်သေခံအထောက်အထားမှတ်တမ်းစာအုပ်

**ဘာ့ကြောင့်အရေးကြီးသလည်း?**

- ပုံစံများကိုဖေါ်ထုတ်ခြင်းသည် အမှုတခုကိုအားကောင်းစေရန် အထောက်အကူပြုနိုင်ပြီး ဥပဒေဆိုင်ရာအစိတ်အပိုင်း/အင်္ဂါရပ်အချို့ကို ဖေါ်ထုတ်ရာတွင်လည်း အထောက်အကူပြု သည် သို့မဟုတ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဖြစ်ပွားနေသည် ဟူသော သဲလွန်စ ကိုပေးနိုင်သည်။

- ဥပမာ၊ သင့်အနေဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု လုပ်ရပ်တခုသည် သီးခြားဖြစ်စဉ် တခု မဟုတ်ပဲ ချိုးဖောက်မှုပုံစံများ၏ တစိတ်တပိုင်း
- နေရာအနှံ့အပြားတွင် သို့မဟုတ် အရပ်သား လူထုအပေါ် စနစ်တကျလုပ်ဆောင်သည့် တိုက်ခိုက်မှုတခု ဖြစ်သည်ကိုဖေါ် ပြနိုင်ပါက
- သင့်အနေဖြင့် **နိုင်ငံတကာရာဇဝတ်မှု** တခု၏ လုပ်ရပ်အဖြစ် သင့်လျော်သောအရည်အချင်းပြည့်မီကြောင်း သေချာစေနိုင်သည်။

- ၎င်းသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့်ဆက်စပ်စဉ်းစားရန် နှင့် လုပ်ရပ်ကို အဆင့်မြင့်ရာထူး/ဝေးလံသောနေရာမှကျူးလွန်သူများ နှင့် ချိတ်ဆက်ရာတွင် အထောက်အကူပြုသည်။

# D. ပုံစံများကိုဖေါ်ထုတ်ခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာများ ၂၄-၂၉
အခန်း ၉ – စီစဉ်ခြင်း
နောက်ဆက်တွဲ ၁ – သက်သေခံအထောက်အထားမှတ်တမ်းစာအုပ်

ပုံစံများကိုရှာဖွေရန် သင့်အနေဖြင့် အသုံးပြုနိုင်သော နည်းစနစ်များ နှင့် နည်းလမ်းများတွင် အောက်ပါတို့ပါဝင်သည် -

- **ရာဇဝတ်မှုများ/ ချိုးဖောက်မှုများ၏ အမျိုးအစားများ**
- **ရှာဖွေနိုင်သော database**
- **ကိန်းဂဏန်းများကို သရုပ်ခွဲလေ့လာခြင်း**
- **ပြစ်မှုမြေပုံဆွဲခြင်း**

- အချို့သောနည်းလမ်းများသည် အဆင့်မြင့်နည်းပညာများ အသုံးပြုသော်လည်း၊ သင် စုဆောင်းခဲ့သော သက်သေခံအထောက်အထားများကို အကဲဖြတ်ရန်အတွက် အခြေခံနည်းလမ်းများနှင့်သင်၏ သရုပ်ခွဲကျွမ်းကျင်မှုများ ကို အသုံးပြုပြီး ပုံစံများကို သင်ရှာဖွေနိုင်သည်။


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# D. ပုံစံများကိုဖေါ်ထုတ်ခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာများ ၂၄-၂၉
အခန်း ၄ – တဦးချင်းအလိုက် ပြစ်မှုဆိုင်ရာတာဝန်
နောက်ဆက်တွဲ ၁ – သက်သေခံအထောက်အထားမှတ်တမ်းစာအုပ်

သင့်အနေဖြင့် တခု သို့မဟုတ် ထိုထက်ပိုသော အောက်ပါတို့နှင့် ဆက်စပ်သော မတူကွဲပြားသည့်ဖြစ်စဉ်များအကြား အလားတူမှုများကို ရှာဖွေခြင်းဖြင့် ရာဇဝတ်မှုများ/ ချိုးဖောက်မှုများ၏အမျိုးအစားများကို ဖေါ်ထုတ်ရန်ကြိုးစားနိုင်သည် -

- ကျူးလွန်ခံရသူများ၏ ပုံသဏ္ဌာန်လက္ခဏာ
- ကျူးလွန်သူများ၏ပုံသဏ္ဌာန် လက္ခဏာ
- လုပ်နည်းလုပ်ဟန်/ နည်းစနစ်များ
- နေရာဒေသ
- အချိ◌်နကာလ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ
© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# ၁. ပုံစံများကိုဖော်ထုတ်ခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာများ ၂၆-၂၇

| ကျူးလွန်ခံရသူအမျိုးအစားအား | တူညီသောကျူးလွန်သူများက |
| --- | --- |
| • ကျူးလွန်ခံရသူအများအပြားသည်တူညီနေကြသလား/ တူညီသော **နိုင်ငံရေးပါတီ၊** | • တိုက်ခိုက်ခံရသောနေရာများနှင့်နီးကပ်စွာ **သီးခြားတပ်ဖွဲ့များ ချထားခဲ့သလား?** |


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး [illegible] ၂၀

# D. ပုံစံများကိုဖော်ထုတ်ခြင်း

လုပ်နည်းလုပ်ဟန်

ဖြစ်စဉ်များတလျော

က်တွင်

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာများ ၂၆-၂၇

| တိုက်ခိုက်မှု၏ | နေရာ နှင့် အချိန် |
| --- | --- |
| • **တူညီသောလုပ်ရပ် အဖြစ်အပျက်များ** အများအပြားရှိသလား? (အရေမပြကောင်မ | • သီးခြားလက်နက်ကိုင် တပ်ဖွဲ့များ/ အုပ်စုများ၏ **ထိန်းချုပ်မှုအောက် တင်ရှိသော** |



© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၂၀၁၈

# D. ပုံစံများကိုဖေါ်ထုတ်ခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာများ ၂၇-၂၈
အခန်း ၉ - စီစဉ်ခြင်း

- ဖေါ်ပြခဲ့သောမေးခွန်းများအပေါ် သက်သေခံအထောက်အထား အကဲဖြတ်ခြင်းအပြင်၊ သင့် အနေဖြင့် ရာဇဝတ်မှုပုံစံသရုပ်ခွဲလေ့လာခြင်းကို ဆောင်ရွက်ရန်အတွက် နည်းလမ်းများ နှင့် နည်းစနစ်များ ကို အသုံးပြုနိုင်ပြီး၊ CARSV သက်သေခံအထောက်အထားများ ကို အားကောင်း စေနိုင်သည်။
- သတင်းအချက်အလက်များကို စုစည်းရန် နှင့် သိုလှောင်သိမ်းဆည်းရန် အသင့်ရှိနေသော Databases များသည် အလွန်အသုံးဝင်သော သရုပ်ခွဲနည်းလမ်းများဖြစ်နိုင်သည် - အခြေခံ အဆင့် database များပင် ကွဲပြားသောစံများဖြင့်ရှာဖွေခြင်း ကိုလုပ်ဆောင်နိုင်ပြီး၊ ပိုအဆင့်မြင့်သော database များသည် မှုရင်းအီလက်ထရောနစ်ဖိုင်များကို ရှာပေးနိုင်သည်။
- အစုလိုက်အပြုံလိုက်ချိုးဖောက်မှုများအပေါ် ကိန်းဂဏန်းများကိုသရုပ်ခွဲလေ့လာခြင်း (ဥပမာ - ကျူးလွန်ခံရသူများ၏အရေအတွက်၊ အုပ်စုများ၊ ကျား/မ gender၊ လူမျိုးစုများအကြား မတရားဖိနှိပ်ခံရခြင်း) သည် အသုံးဝင်သောသက်သေခံအထောက်အထားကိုပေးနိုင်သည် - အရင်းအမြစ်များတွင် စစ်တမ်းများ၊ ဆေးမှတ်တမ်းများ၊ အကျဉ်းထောင်မှတ်တမ်းများ၊ နေရပ်စွန့်ခွာမှုဆိုင်ရာစီးဆင်းမှု၊ ဒုက္ခသည်မှတ်ပုံတင်တို့ ပါဝင်နိုင်သည်။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# D. ပုံစံများကိုဖေါ်ထုတ်ခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာများ ၂၂၇-၂၂၈ အခန်း ၉ - စီစဉ်ခြင်း

- ပထဝီဆိုင်ရာ သတင်းအချက်အလက်စနစ်များ (GIS) သို့မဟုတ် အခြား **သိပ္ပံနည်းပညာဆိုင်ရာ နည်းလမ်းများ**ကို အသုံးပြုပြီး **ရာဇဝတ်မှုမြေပုံဆွဲခြင်း**သည် တပ်ဖွဲ့များ သို့မဟုတ် လူဦးရေများ၏ လှုပ်ရှားမှုများ ကို မြေပုံဆွဲရာတွင် အသုံးဝင်နိုင်သည် - ခန့်မှန်းတည်နေရာများကို အသုံးပြုပြီး ရိုးရှင်းသော လက်ဖြင့်ဆွဲထားသည့်မြေပုံသည် ကွဲပြားသောချိုးဖောက်မှုများ၊ **အချိန် နှင့် ပုံစံများနှင့် ဆက်နွယ်နေမှု**များကို ဖေါ်ထုတ်ရာတွင်အသုံးဝင်နိုင်သည်။

နည်းစနစ်များ/ နည်းလမ်းများ

- အမျိုးအစားများ
- ရှာဖွေနိုင်သော database များ
- ကိန်းဂဏန်းများကို သရုပ်ခွဲလေ့လာခြင်း
- ရာဇဝတ်မှုမြေပုံဆွဲခြင်း

- ရာဇဝတ်မှုပုံစံသရုပ်ခွဲလေ့လာခြင်း - ပုံစံများကို ရှာဖွေခြင်း နှင့် ဖေါ်ထုတ်ခြင်း - စုဆောင်းထားသည့် CARSV သက်သေခံအထောက်အထားများကို သရုပ်ခွဲခြင်းတွင် အလွန်အရေးကြီးသောအဆင့်ဖြစ်သည်။


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*